FMI

PART OF THE YOMA GROUP

**DIGITAL MONEY MYANMAR ကုမ္ပဏီလီမိတက် ၏ အစုရှယ်ယာရောင်းချခြင်း ကိစ္စများ ပြီးမြောက်ခြင်း**

ဖတ်(စ်)မြန်မာ အင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက် (“**ကုမ္ပဏီ**” နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ “**ကုမ္ပဏီအုပ်စု**) ဒါရိုက်တာအဖွဲ့သည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်တွင် ကုမ္ပဏီမှ ထုတ်ပြန်ခဲ့သော ကြေညာချက် (“**ယခင်ကြေညာချက်**”) အား ရည်ညွှန်းလျှက် ကုမ္ပဏီပိုင် Digital Money Myanmar Company Limited (“**Wave Money**”) ၏ လက်ကျန်အစုရှယ်ယာ ၁၀% အား Yoma Strategic Investments Ltd. (“**YSIL**”) သို့ရောင်းချခြင်းနှင့် သက်ဆိုင်သည့်ဆောင်ရွက်ချက်အားလုံးပြီးမြောက်ပြီဖြစ်ကြောင်း အစုရှယ်ယာရှင်များ အား အသိပေး အကြောင်းကြားအပ်ပါသည်။

ထိုသို့ အရောင်းအဝယ်ပြီးမြောက်ပြီးဖြစ်၍ ကုမ္ပဏီသည် Wave Money တွင် ရှယ်ယာပိုင်ဆိုင်မှု လက်ကျန်မရှိတော့ဘဲ ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခု ဖြစ်သော ရိုးမဘဏ်လီမိတက် (“**ရိုးမဘဏ်**”) သည် Wave Money တွင် အစုရှယ်ယာ ၅ %[1] ဆက်လက်ပိုင်ဆိုင်ထားမည် ဖြစ်သည်။

ဤကြေညာချက်တွင် အသုံးပြုသော စကားရပ်ဝေါဟာရများသည် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိပါက ကုမ္ပဏီက ထုတ်ပြန်ခဲ့သော ယခင်ကြေညာချက်ပါ စကားရပ်များအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုရမည် ဖြစ်သည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း

အမှုဆောင်ဒါရိုက်တာ

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်

**First Myanmar Investment Public Co., Ltd.**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766
www.fmi.com.mm

[1] ဤ ကြေညာချက် ထုတ်ပြန်ချိန်ရှိ အနေအထား